ကေအဲန်ယူကရင်အမျိုးသားအစည်းအရုံး
ကျောက်ကြီးမြို့နယ်

**စာအမှတ်-လဒ-၁၇၄/ ၁၁/ နရ**

**နေ့စွဲ- ၁၁/၈/၂၀၂၂**

**လူမှုကွန်ရက်တွင် “အတုန့်အလှည့်” Page မှ ထွက်ပေါ်လာသောထိုးဝါးစိုက်အုပ်စု ရွာကန့်လန့် ကျေးရွာအတွင်း (PDF) မှဆေးခန်းဖွင့်လှစ်ခြင်းနှင့် ဆေးကုသခြင်း အပေါ် မမှန်ကန်ကြောင်း မိမိတို့ကေအဲန်ယူကရင်အမျိုးသား အစည်းအရုံးကျောက်ကြီးမြို့နယ်မှ ကန့်ကွက်ရှုံ့ချခြင်း။**

အထက်ပါအကြောင်းအရာကိစ္စနှင့်ပတ်သက်၍ မိမိတို့ ကေအဲန်ယူကရင်အမျိုးသားအစည်းအရုံး ကျောက်ကြီးမြို့နယ်၊ ထိုးဝါးစိုက်အုပ်စု ၊ ရွာကန့်လန့်ကျေးရွာတွင် (PDF)ဆေးခန်းဖွင့်လှစ်ခြင်း၊ ဆေးကုသခြင်းနှင့် ကျေးရွာအတွင်း လူငယ်များမှ သင်တန်းလာရောက်တက်ခြင်း စသောအကြောင်းအရာများ “အတုန့်အလှည့်” Page မှ သတင်းများ ထွက်ပေါ်လာသည်။

ဤကဲ့သို့ ထွက်ပေါ်လာသောသတင်းများအပေါ် မိမိတို့ကေအဲန်ယူကရင်အမျိုးသားအစည်းအရုံး ကျောက်ကြီးမြို့နယ်မှ မဟုတ်မမှန်ကြောင်းအပြင်းအထန်ကန့်ကွက်ရှုံ့ချအပ်ပါသည်။

ကေအဲန်ယူကရင်အမျိုးသားအစည်းအရုံးကျောက်ကြီးမြို့နယ်၏ စီမံအုပ်ချုပ်မှုနယ်မြေအတွင်းအဖွဲ့အစည်း တစ်ခုခုမှ မည်သည့်လုပ်ငန်းကိုမဆို လုပ်ကိုင်ဆောင်ရွက်လိုပါက သက်ဆိုင်ရာ မြို့နယ်အဖွဲ့အစည်းသို့ ခွင့်ပြုချက် ရယူပြီး သတ်မှတ်ထားသောစည်းမျဉ်း စည်းကမ်းများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း ညွှန်ကြား ထားပြီးဖြစ်သည်။

သို့ဖြစ်ပါ၍ “အတုန့်အလှည့်” Page မှထွက်ပေါ်လာသော မဟုတ်မမှန်သောသတင်းများအပေါ် မိမိတို့ကေအဲန်ယူကရင်အမျိုးသားအစည်းအရုံးကျောက်ကြီးမြို့နယ်မှ အပြင်းအထန်ကန့်ကွက်ရှုံ့ချကြောင်းသတင်းထုတ်ပြန် အပ်ပါသည်။

11/8/22

အတွင်းရေးမှူး
ကေအဲန်ယူကရင်အမျိုးသားအစည်းအရုံး
ကျောက်ကြီးမြို့နယ်
(စောဝါးစေး)